စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာအမျိုးသားအဆင့်

အလုပ်ရုံဆွေးနွေးပွဲ

မြန်မာ့ကုန်သွယ်ရေးနှင့်ပို့ကုန်သွင်းကုန်ချိန်ဆက်မှု

၁။ နိဒါန်း

နှစ်ဆယ်ရာစုနှောင်းပိုင်းတွင် သိပ္ပံနှင့်သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်ခြင်း၊ ကွန်ပျူတာပညာနှင့် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများ ပိုမိုလျှင်မြန်သောအရှိန်အဟုန်ဖြင့် တိုးတက်ပျံ့နှံ့လာခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများအကြား အပြန်အလှန်ဆက်သွယ်မှု ပိုမို ကြီးမားလာသည့် နည်းတူကမ္ဘာ့နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေနှင့် အလေးအထားမှု အယူအဆများလည်း လျှင်မြန်စွာပြောင်းလဲလာခဲ့သည်။ ကမ္ဘာ့နိုင်ငံများသည် စစ်ရေး၊ နိုင်ငံရေး အင်အားပြိုင်ဆိုင်မှုမှသည် စီးပွားရေး အင်အားပြိုင်ဆိုင်မှုကို ရှေ့ရှုဆောင်ရွက် လာကြသည့်အတွက် စီးပွားရေးအုပ်စုများ ဖွဲ့စည်းခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းများ ထူထောင်ခြင်း တို့ကို ပိုမိုဆောင်ရွက်လာခဲ့ကြ၍ ပြောင်းလဲမှုမြန်ဆန်ကြီးမားလာသော ကမ္ဘာ့ဈေးကွက်အတွင်း နိုင်ငံတကာ ကုန်သွယ်မှုပုံသဏ္ဍာန်သည်လည်း လိုက်ပါပြောင်းလဲလာခဲ့ပါသည်။ နိုင်ငံတကာကုန်သွယ်မှု စတင်ထွန်းကားတိုးတက်လာစဉ်ကာလမှစ၍ နိုင်ငံတစ်နိုင်ငံရှိစီးပွားရေးလုပ်ငန်းတစ်ခုနှင့် အခြားနိုင်ငံတစ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းတစ်ခုတို့သည် လွတ်လပ်သောဈေးကွက်အတွင်း ဈေးနှုန်းယန္တရား အရနှင့် ကုန်သွယ်မှုမူဝါဒအရ ကုန်သွယ်မှုများ ပြုလုပ်ခဲ့ကြပါသည်။

ကုန်သွယ်မှုမူဝါဒဆိုသည်မှာ ကမ္ဘာ့နိုင်ငံအသီးသီးတို့က ၎င်းတို့၏ ပြည်တွင်းစက်မှုလုပ်ငန်း ထူထောင်ရေး၊ ပို့ကုန်အမယ်အမျိုးမျိုး တိုးချဲ့တင်ပို့နိုင်ရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့်အခြားသော ဖွံ့ဖြိုးတိုးတက်မှု အလေးပေးမဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာ

ကုန်သွယ်ရေးကို ကိရိယာတစ်ခုအဖြစ်အသုံးပြုရန် ချမှတ်သည့် မူဝါဒဖြစ်ပါသည်။[1]/ ဤမူဝါဒများမှာ အဓိကအားဖြင့် အကောက်ခွန်၊ ကိုတာနှင့် ထောက်ပံ့ကြေးပေးခြင်း နည်းလမ်းများကိုကျင့်သုံးခြင်း ဖြစ်ပါသည်။

နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကျမ်းရိုးသီအိုရီများနှင့် ခေတ်သစ်ကုန်သွယ်မှု သီအိုရီ အများစုတွင် ကမ္ဘာ့နိုင်ငံများသည် မိမိတို့၏ နှိုင်းယှဉ်အကျိုးကြီးမားသော ကုန်စည်ကိုဇောက်ချ ထုတ်လုပ်ကြပြီး လွတ်လပ်သောဈေးကွက် စီးပွားရေးစနစ်တွင် မိမိတို့၏ အမျိုးသားအကျိုးစီးပွား (National Interest) ကို ရှေ့ရှုကာကုန်သွယ်ရေးမူဝါဒများကို ချမှတ်အကာအကွယ် ယူပြီးမှသာ နိုင်ငံတကာ ကုန်သွယ်မှုတွင်ပါဝင်ခဲ့ကြပါသည်။

၂။ မြန်မာ့ကုန်သွယ်မှုသမိုင်းအကျဉ်း

မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ခံဘဝ နှစ်ပေါင်းတစ်ရာကျော်(၁၈၂၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်) ကျရောက်ခဲ့ရာစီးပွားရေးဆိုင်ရာ အတွေ့အကြုံသင်ခန်းစာနှစ်ရပ်ကို အောက်ဖော်ပြပါ အတိုင်း ရရှိခဲ့ပါသည်-[2]/

(က) ကျေးလက်စီးပွားရေးစနစ်တွင် မြန်မာလယ်သမားများသည် မြေယာမဲ့များအဖြစ် ရောက်ရှိခဲ့ပြီး နိုင်ငံ၏စိုက်ပျိုးမြေအများစုသည် နိုင်ငံခြားသားများ၏ လက်ဝယ် ရောက်ရှိသွားခြင်းနှင့် မြို့ပြစီးပွားရေးစနစ်တွင် အုပ်ချုပ်ရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများစွာတို့တွင် ဥရောပတိုက်သားများက ထိပ်တန်းတွင်နေရာယူပြီး တရုတ်နှင့် အိန္ဒိယလူမျိုးတို့က အလယ်အလတ်တန်းကို ပိုင်ဆိုင်ကာမြန်မာ တိုင်းရင်းသားများသည် အောက်ခြေလူတန်းစား အလုပ်သမားအသွင်အဖြစ် ဒွန်တွဲစီးပွားရေး ပုံသဏ္ဌာန်ဖြစ်ပေါ်ခဲ့သည်။

---

[1] Micheal P. Tadaro., Economic Development, 8th Edition, Pearson Education Inc., Indian reprinting, 2003, Pg.790

[2] Myat Thein, U., Economic Development of Myanmar, Singapore, Institute of Southeast Asian Studies, 2004, Pg.14-15

(ခ) ဗြိတိသျှကိုလိုနီခေတ်တွင် လွတ်လပ်စွာကုန်သွယ်မှုမူဝါဒနှင့် စီးပွားရေးလုပ်ငန်း ယှဉ်ပြိုင်လုပ်ကိုင်ခွင့် မူဝါဒတို့ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ကျင့်သုံးခဲ့၍ အဆိုပါမူဝါဒများသည် လွတ်လပ်ရေးခေတ်ဦးကာလတွင် မြန်မာ နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒ အခြေခံမူအဖြစ်ရရှိခဲ့သည်။

ကိုလိုနီခေတ် ကုန်ဆုံးချိန်တွင် မြန်မာနိုင်ငံတွင်ဆန်စပါးတစ်မျိုးတည်း ထုတ်လုပ်တင်ပို့ ရောင်းချမှုအပေါ် မှီခိုနေရသည့် စီးပွားရေးစနစ်ဖြစ်ပေါ်ခဲ့သည်။ ဆန်စပါးပို့ကုန်မှရရှိသောနိုင်ငံခြား ဝင်ငွေများသည် နိုင်ငံခြားသားအရင်းရှင်များ၏ အကျိုးစီးပွားဖြစ်ထွန်းမှုအတွက်သာဖြစ်ပေါ်ခဲ့သည်။

လွတ်လပ်ရေးခေတ်ဦးတွင် ပါလီမန်အစိုးရသည် တိုင်းပြည်၏လူမျိုးအကျိုးစီးပွားတိုးတက် ရေးအတွက် နိုင်ငံပိုင်ပြုလုပ်ခြင်း၊ မြန်မာမှုပြုခြင်းနှင့် သွင်းကုန်အစားထိုးစက်မှုလုပ်ငန်း ထူထောင်ခြင်း ဟူသောမဟာဗျူဟာကို ချမှတ်အကောင်အထည်ဖော်ခဲ့သော်လည်း ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှု နှင့်နိုင်ငံရေးအရ ဘက်လိုက်မှုတို့ကြောင့် နိုင်ငံရေးနှင့် စီးပွားရေးတိုးတက်မှု မဟာဗျူဟာတွင် ပို့ကုန် မြှင့်တင်ရေးနှင့် နိုင်ငံ၏အရေးပါသော စီးပွားရေးကဏ္ဍဖြစ်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး တို့ကိုချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း၊ ကမ္ဘာ့ဈေးကွက်တွင်နိုင်ငံ၏တစ်ခုတည်းသော အရေး ပါသည့်ပို့ကုန်ဖြစ်သော ဆန်စပါးဈေးနှုန်း ကျဆင်းလာခြင်းတို့ကြောင့် ၁၉၅၀ ခုနှစ်၊ နှစ်လယ်မှစတင်၍ ပို့ကုန်ဝင်ငွေကျဆင်းလာခဲ့ပါသည်။ လွတ်လပ်ရေးရပြီး ၁၉၄၉ - ၅၀ ခုနှစ်တွင် နိုင်ငံခြား ကုန်သွယ်မှု ပိုငွေအမေရိကန်ဒေါ်လာ ၁၀၉ သန်းကျော် ရှိရာမှပါလီမန်ခေတ်ကုန်ဆုံးချိန် ၁၉၆၀-၆၁ ခုနှစ်တွင် နိုင်ငံခြားကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃၉ သန်းကျော်ဖြစ်ပေါ်ခဲ့သည်။ [3]/ ၁၉၄၈ -၄၉ ခုနှစ်မှ ၁၉၈၇-၈၈ ခုနှစ်အထိ မြန်မာနိုင်ငံ၏နိုင်ငံခြားကုန်သွယ်မှု အခြေအနေကို ဇယား**(၁)**နှင့် ပုံချပ် **(၁)**တို့တွင်ဖော်ပြထားပါသည်။

---

[3] Myat Thein, U., Economic Development of Myanmar, Pg.30



ဇယား(၁)- မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်နှင့် ပြည်ပကုန်သွယ်မှုအခြေအနေ (၁၉၄၈-၄၉) မှ (၁၉၈၇-၈၈)

အမေရိကန်ဒေါ်လာသန်း

ခုနှစ်	ပို့ကုန်	သွင်းကုန်	ကုန်သွယ်မှုပမာဏ	ပိုငွေ/လိုငွေ
၁၉၄၈-၄၉	၂၂၉	၁၇၆	၄၀၅	+၅၃
၁၉၄၉-၅၀	၂၂၂	၁၁၃	၃၃၅	+၁၀၉
၁၉၅၀-၅၁	၁၃၉	၉၁	၂၃၀	+၄၈
၁၉၅၁-၅၂	၂၁၂	၁၃၇	၃၄၉	+၇၅
၁၉၅၂-၅၃	၂၆၄	၁၉၂	၄၅၆	+၇၂
၁၉၅၃-၅၄	၂၃၈	၁၇၈	၄၁၆	+၆၀
၁၉၅၄-၅၅	၂၅၁	၂၀၄	၄၅၅	+၄၇
၁၉၅၅-၅၆	၂၂၇	၁၈၁	၄၀၈	+၄၆
၁၉၅၆-၅၇	၂၅၀	၁၉၈	၄၄၈	+၅၂
၁၉၅၇-၅၈	၂၂၉	၂၉၇	၅၂၆	-၆၈
၁၉၅၈-၅၉	၁၉၄	၂၀၄	၃၉၈	-၁၀
၁၉၅၉-၆၀	၂၂၄	၂၂၃	၄၄၇	+၁
၁၉၆၀-၆၁	၂၂၄	၂၅၉	၄၈၃	-၃၅

၁၉၆၁-၆၂	၂၂၂	၂၁၅	၄၃၇	+၇
၁၉၆၂-၆၃	၂၆၅	၂၁၉	၄၈၄	+၄၆
၁၉၆၃-၆၄	၂၇၀	၂၃၄	၅၀၄	+၃၆
၁၉၆၄-၆၅	၂၃၃	၂၇၁	၅၀၄	-၃၈
၁၉၆၅-၆၆	၂၂၅	၂၄၇	၄၇၂	-၂၂
၁၉၆၆-၆၇	၁၉၄	၁၅၈	၃၅၂	+၃၆
၁၉၆၇-၆၈	၁၂၄	၁၂၄	၂၄၈	၀
၁၉၆၈-၆၉	၁၁၁	၁၁၄	၂၂၅	-၃
၁၉၆၉-၇၀	၁၃၂	၁၆၅	၂၉၇	-၃၃
၁၉၇၀-၇၁	၁၀၈	၁၅၅	၂၆၃	-၄၇
၁၉၇၁-၇၂	၁၂၄	၁၆၅	၂၈၉	-၄၄
၁၉၇၂-၇၃	၁၂၀	၁၃၃	၂၅၃	-၁၃
၁၉၇၃-၇၄	၁၃၀	၁၀၆	၂၃၆	-၁၈
၁၉၇၄-၇၅	၁၈၈	၁၇၆	၃၆၄	+၁၂
၁၉၇၅-၇၆	၁၇၃	၁၉၇	၃၇၀	-၂၄
၁၉၇၆-၇၇	၂၀၆	၁၇၇	၃၈၃	+၂၉
၁၉၇၇-၇၈	၂၁၄	၂၄၁	၄၅၅	-၂၇
၁၉၇၈-၇၉	၂၄၂	၃၀၇	၅၄၉	-၆၅
၁၉၇၉-၈၀	၃၈၃	၃၁၉	၇၀၂	+၆၄
၁၉၈၀-၈၁	၄၇၂	၃၅၃	၈၂၅	+၁၁၉
၁၉၈၁-၈၂	၄၆၂	၃၇၃	၈၃၅	+၈၉
၁၉၈၂-၈၃	၃၉၁	၄၀၉	၈၀၀	-၁၈
၁၉၈၃-၈၄	၂၇၈	၂၆၈	၅၄၆	+၁၀
၁၉၈၄-၈၅	၃၀၁	၂၃၉	၅၄၀	+၆၁
၁၉၈၅-၈၆	၃၀၃	၂၈၃	၅၈၆	+၂၀
၁၉၈၆-၈၇	၂၈၈	၃၀၄	၅၉၂	-၁၆
၁၉၈၇-၈၈	၂၁၉	၂၆၈	၄၈၇	-၄၉

ဇစ်မြစ် Myat Thein, U., Economic Development of Myanmar (2004)

၁၉၆၂ ခုနှစ်၊ မတ်လမှစတင်၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ နိုင်ငံ၏စီးပွားရေးစနစ်မှာ ဆိုရှယ်လစ်စီမံကိန်းစနစ်ကျင့်သုံးခဲ့ပြီး နိုင်ငံပိုင်ကဏ္ဍဦးဆောင်သော သွင်းကုန်အစားထိုး စက်မှုထူထောင်ရေး မဟာဗျူဟာနှင့် ၁၉၆၂ ခုနှစ်မှ ၁၉၇၀ အစောပိုင်းကာလအထိ ပြည်ပ ဆက်သွယ်မှု

အနည်းဆုံးဖြင့်တံခါးပိတ်ကာ၊ ကိုယ့်အားကိုယ်ကိုးသော မဟာဗျူဟာကိုချမှတ် အကောင်အထည်ဖော်ခဲ့ရာ အဆိုပါကာလအတွင်း ပို့ကုန်တန်ဖိုးဆက်တိုက်ကျဆင်းခဲ့ကာ ၁၉၆၁ - ၁၉၆၂ ခုနှစ်တွင် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၂ သန်းရှိရာမှ ၁၉၆၈-၁၉၆၉ ခုနှစ်တွင်အမေရိကန်ဒေါ်လာ ၁၁၁ သန်းအထိ ထက်ဝက်ကျဆင်းခဲ့သည်။ ၁၉၇၀ ခုနှစ်အစောပိုင်းကာလတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်အချို့ကို ဆောင်ရွက်ခဲ့၍ ပို့ကုန်ပြန်လည်တိုးတက်လာပြီး၊ ၁၉၇၄-၇၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၈၈ သန်းအထိ ပြန်လည်မြင့်တက်ခဲ့သော်လည်း ၁၉၆၂ ခုနှစ်မတိုင်မီ အခြေအနေသို့ ပြန်လည်မရောက်ရှိနိုင်ခဲ့ပါ။ ဆိုရှယ်လစ်ကာလတစ်လျှောက် မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု လိုငွေဆက်တိုက်ပြခဲ့ရာ ၁၉၈၀ ခုနှစ် အစောပိုင်းကာလတွင် နိုင်ငံ၏ ပြည်ပကြွေးမြီသည် အမေရိကန်ဒေါ်လာ ၃ ဘီလီယံအထိ မြင့်တက်လာခဲ့၍ ကုန်သွယ်မှုပမာဏနည်းပါးသော မြန်မာနိုင်ငံအတွက် ကြွေးမြီဝန်ထုပ်ဝန်ပိုး ဖြစ်ခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည်ဈေးကွက် ဦးစားပေးစီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးကာစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက်ပြုပြင် ပြောင်းလဲမှုများပြုလုပ်ခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းခြင်း၊ သွင်းကုန်အစားထိုး စက်မှုထုထောင်ရေး မဟာဗျူဟာနှင့် ပို့ကုန်ဦးစားပေးစီးပွားရေး မဟာဗျူဟာတို့ကိုပူးတွဲ အကောင်အထည်ဖော်ခြင်း၊ ပြည်ပကုန်သွယ်မှုတွင်ပုဂ္ဂလိကများ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကသို့လွှဲပြောင်းပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (Union of Myanmar Federation of Chamber of Commerce and Industry- UMFCCI) [4]/ ကို ဖွဲ့စည်းတည်ထောင်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့်ကာလအတွင်း မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုရင်းနှီးပွင့်လင်းစွာ ဆက်ဆံလာခဲ့၍

---

4 ယခုပ ည ထဓာင စုသမ်မတာမ န မာနိုင ငံကုန သည ည မ ားန င့ စက မ ့ လုပ ငန ႈရ င မ ား အသင ႈခ ု ပ ဟု ခဓ တ င ပ သည ။

မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအခြေအနေမှာ တိုးတက်မှုရှိခဲ့သော်လည်း ၂၀၀၁-၂၀၀၂ ခုနှစ်အထိ ကုန်သွယ်မှု လိုငွေသည် ဆက်တိုက်ပြခဲ့ပါသည်။

၃။ ပို့ကုန် တင်ပို့မှုပုံသဏ္ဍာန် ပြောင်းလဲမှု

ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်နှစ်ခုအကြား မြန်မာနိုင်ငံ၏ပို့ကုန် တင်ပို့မှုပုံသဏ္ဍာန် ပုံစံပြောင်းလဲမှုများရှိခဲ့ပါသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်အတွင်း၌ နိုင်ငံ၏ စုစုပေါင်း ပို့ကုန်တွင် လယ်ယာကုန်စည်များသည် အဓိကအရေးပါဆုံးဖြစ်ပြီး ၁၉၆၀-၆၁ ခုနှစ်တွင် ၈၂.၄% ပါဝင်ရာမှ ၁၉၉၀-၉၁ ခုနှစ်တွင်၂၈.၂% အထိကျဆင်းခဲ့ပြီး၊ သစ်တောထွက်ပစ္စည်း တင်ပို့မှု မှာ ၁၉၆၀-၆၁ ခုနှစ်တွင် စုစုပေါင်းပို့ကုန်၏ ၉.၈% ရှိရာမှ ၁၉၉၀-၉၁ ခုနှစ်တွင် ၃၆.၇% အထိ တိုးတက်ခဲ့ပါသည်။ ထူးခြားသည်မှာ တစ်ဆင့်ပြန်လည်တင်ပို့မှုသည် ဆိုရှယ်လစ်စီးပွားရေးစနစ် (၁၉၆၀-၁၉၈၀) အတွင်းရှိခဲ့ပါသည်။ ၁၉၉၀-၉၁ ခုနှစ်တွင် နိုင်ငံ၏ပို့ကုန်တွင် သစ်တောထွက် ပစ္စည်း၏ ပို့ကုန်သည် အဓိကဖြစ်ခဲ့ပြီး လယ်ယာထွက်ကုန်နှင့် တိရိစ္ဆာန်နှင့် ရေထွက်ပစ္စည်းတို့၏ ပို့ကုန်တို့သည် အရေးပါခဲ့သည်ကို ပုံချပ် - ၂ တွင် ဖော်ပြထားပါသည်။



ဆိုရှယ်လစ်စီးပွားရေးစနစ်တွင် လယ်ယာထွက်ကုန်များ၏ တင်ပို့မှုသည် အရေးပါဆုံးဖြစ်ခဲ့သော်လည်း၊ ဈေးကွက်စီးပွားရေးစနစ်အတွင်း ဈေးကွက် အခွင့်အလမ်းများ ပွင့်လင်းလာသည့်

အတွက် ပို့ကုန်အမယ်သစ်များ ပေါ်ထွက်လာခဲ့ရာ ၂၀၀၀ ခုနှစ်မှစ၍ နိုင်ငံ၏ ပို့ကုန်တွင်လယ်ယာထွက်ကုန်ပစ္စည်းများနှင့် သစ်တောပို့ကုန်တို့ထက် သဘာဝဓါတ်ငွေ့ပို့ကုန်နှင့်ချုပ်ပြီးအထည်များ၏ ပို့ကုန်သည် စုစုပေါင်းပို့ကုန်တွင် အရေးပါဆုံးဖြစ်လာခဲ့၍ ပို့ကုန်တင်ပို့မှုပုံသဏ္ဍာန် (Pattern of Export) ပြောင်းလဲမှု ရှိလာခဲ့ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံ၏ ကုန်စည်တင်ပို့မှုတွင် လယ်ယာထွက်ကုန်ပစ္စည်းများကို အဓိကအားထား တင်ပို့ရာမှ သဘာဝသယံဇာတ ပစ္စည်းများကို အခြေခံသည့် ပို့ကုန်များ (Natural resource based exports) ဖြစ်သည့် သဘာဝဓါတ်ငွေ့နှင့် တွင်းထွက်ပစ္စည်းများသို့ ပြောင်းလဲခဲ့သော်လည်း စက်မှုလုပ်ငန်းများမှထွက်ရှိသည့် ကုန်ပစ္စည်းများ တင်ပို့မှုမှာ နည်းနေသေးသည်ကို ပုံချပ် -၃ ဖြင့်ဖော်ပြထားပါသည်။



သွင်းကုန်ပစ္စည်းများတင်သွင်းမှုတွင် ၂၀၀၀ - ၂၀၀၁ ခုနှစ်မှ ၂၀၀၄ - ၂၀၀၅ ခုနှစ်အတွင်း လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ တင်သွင်းမှုသည်နှစ်စဉ်တိုးတက်ခဲ့သကဲ့သို့ နယ်စပ်ဒေသမှ တင်သွင်းမှုသည်လည်းနှစ်စဉ် တိုးတက်ခဲ့၍ အဆိုပါကာလအတွင်း တင်သွင်းမှုပုံသဏ္ဍာန် သိသာစွာပြောင်းလဲမှုမရှိသည်ကို ပုံချပ်-၄ တွင် ဖော်ပြထား

ပါသည်။



၂၀၀၅ - ၂၀၀၆ ခုနှစ်မှ ၂၀၁၀ - ၂၀၁၁ ခုနှစ်အတွင်း၌ လူသုံးကုန်ပစ္စည်းများတင်သွင်းမှုမှာ လျော့နည်းခဲ့ပြီးနိုင်ငံတည်ဆောက်ရေးအတွက် အသုံးပြုရန်အတွက်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ နှင့်ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၏ တင်သွင်းမှုမှာ နှစ်စဉ်တိုးတက်မှုရှိခဲ့သည်ကို ပုံချပ်-၅ တွင် ဖော်ပြထားပါသည်။



၄။ ပို့ကုန်ဈေးကွက်ပြောင်းလဲမှုအခြေအနေ

မြန်မာနိုင်ငံ၏ ပို့ကုန်ဈေးကွက်များမှာဆိုရှယ်လစ်စီးပွားရေးစနစ်တွင် အာရှနိုင်ငံများသို့ အဓိကတင်ပို့ခဲ့ပြီး၊ ဥရောပနှင့် အမေရိကနိုင်ငံများသို့လည်းတင်ပို့နိုင်ခဲ့ပါသည်။ ဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးခဲ့သည့် အစောပိုင်းကာလများတွင်အာဆီယံနိုင်ငံများသို့ အဓိကတင်ပို့ပြီးအခြား အာရှနိုင်ငံများ၊ ဥရောပနှင့် အမေရိကနိုင်ငံများသို့ တင်ပို့မှုရှိခဲ့သော်လည်း၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ဥရောပနှင့် အမေရိကနိုင်ငံများ၊ အခြားနိုင်ငံများသို့ တင်ပို့မှုမှာတဖြေးဖြေးလျော့နည်းကျဆင်းလာခဲ့သည်ကို ပုံချပ် (၆) တွင် ဖော်ပြထားပါသည်။ မြန်မာ့ပို့ကုန်သည်အာဆီယံနှင့် အာရှနိုင်ငံများသို့ တင်ပို့မှုမှာ နှစ်စဉ် တိုးတက်ရရှိ၍ ပို့ကုန်ဈေးကွက်မှာ ဒေသအတွင်းနိုင်ငံများပေါ်တွင် အမှီပြု နေပါသည်။



၂၀၀၉ - ၂၀၁၀ ခုနှစ် ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့ဖြစ်ပါသည်။ စုစုပေါင်းကုန်သွယ်မှုတွင် အာရှနိုင်ငံများနှင့် ၉၃ %၊ ဥရောပနိုင်ငံများနှင့် ၁.၈% အမေရိကနိုင်ငံများနှင့် ၀.၀၃% အခြားနိုင်ငံများနှင့် ၄.၈% ကုန်သွယ်ခဲ့ပါသည်။ ပို့ကုန်ဈေးကွက်များမှာ အာရှနိုင်ငံများသို့ ၉၃.၄%၊ ဥရောပနိုင်ငံများသို့ ၁.၈%၊ အမေရိကနိုင်ငံများသို့ ၀.၀၃%၊ နှင့်အခြားနိုင်ငံများသို့ ၄.၈% တင်ပို့ခဲ့ပါ သည်။

သွင်းကုန်ဈေးကွက်များမှာ အာရှနိုင်ငံများမှ ၉၂.၉%၊ ဥရောပနိုင်ငံများမှ ၂.၆%၊ အမေရိက နိုင်ငံများမှ ၀.၅% နှင့်အခြား နိုင်ငံများ မှ ၄% တင်သွင်းခဲ့ပါသည်။ [5]/

၂၀၀၅-၂၀၀၆ ခုနှစ်မှ၂၀၁၀-၂၀၁၁ခုနှစ်အထိ မြန်မာနိုင်ငံ၏ ပို့ကုန်ဈေးကွက်တွင် ကိုရီးယား နှင့် ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့မှုမှာနှစ်စဉ်မြင့်တက်လာပြီး၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် ဂျာမနီ နိုင်ငံတို့သို့ တင်ပို့မှုမှာ ကျဆင်းလာခဲ့သည်ကို ပုံချပ် - ၇ တွင် ဖော်ပြထားပါသည်။ (၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိ နိုင်ငံပေါင်း (၆၆) နိုင်ငံသို့ တင်ပို့ပါသည်။)

(ပုံချပ် -၇) နှစ်အလိုက် ပို့ကုန်နိုင်ငံပြောင်းလဲမှု

စဉ်	၂၀၀၅-၂၀၀၆	၂၀၀၆-၂၀၀၇	၂၀၀၇-၂၀၀၈	၂၀၀၈-၂၀၀၉	၂၀၀၉-၂၀၁၀	၂၀၁၀-၂၀၁၁
1	ထိုင်း	ထိုင်း	ထိုင်း	ထိုင်း	ထိုင်း	တရုတ်
2	တရုတ်	တရုတ်	တရုတ်	တရုတ်	တရုတ်	ထိုင်း
3	အိန္ဒိယ	အိန္ဒိယ	အိန္ဒိယ	စင်္ကာပူ	အိန္ဒိယ	အိန္ဒိယ
4	စင်္ကာပူ	စင်္ကာပူ	စင်္ကာပူ	အိန္ဒိယ	စင်္ကာပူ	စင်္ကာပူ
5	ဂျပန်	ဂျပန်	ဂျပန်	မလေးရှား	ဂျပန်	မလေးရှား
6	မလေးရှား	မလေးရှား	ဘင်္ဂလားဒေ့ရှ်	ဂျပန်	မလေးရှား	ဂျပန်
7	အင်ဒိုနီးရှား	အင်ဒိုနီးရှား	မလေးရှား	ဘင်္ဂလားဒေ့ရှ်	ကိုရီးယား	ကိုရီးယား
8	ဂျာမဏီ	ဂျာမဏီ	အင်ဒိုနီးရှား	ကိုရီးယား	ဘင်္ဂလားဒေ့ရှ်	ဘင်္ဂလားဒေ့ရှ်
9	ဗြိတိန်	ကိုရီးယား	ဗီယက်နမ်	ဂျာမဏီ	ဗီယက်နမ်	ဗီယက်နမ်
10	ဘင်္ဂလားဒေ့ရှ်	ဗီယက်နမ်	ကိုရီးယား	ဗြိတိန်	ဂျာမဏီ	အင်ဒိုနီးရှား
11	အခြားနိုင်ငံများ	အခြားနိုင်ငံများ	အခြားနိုင်ငံများ	အခြားနိုင်ငံများ	အခြားနိုင်ငံများ	အခြားနိုင်ငံများ

၅။ ကုန်ဖလှယ်မှု အချိုးပြောင်းလဲမှုအခြေအနေ

[5] အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ မြန်မာနိုင်ငံ၏စီးပွားဖွံ့ဖြိုးမှုအခြေအနေ၂၀၀၉၂၀၁၁၀ခုနှစ်(ဧပြီလမှမတ်လ)လေးလပတ် အစည်းအဝေးတင်ပြချက်

ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုတွင်နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်သွင်းကုန်များသည် ကုန်သွယ်ဖက်နိုင်ငံများနှင့်နှိုင်းယှဉ်ပါက အသာစီးရမှုရှိမရှိကို ကုန်ဖလှယ်မှုအချိုး (Terms of Trade)အရ သိရှိနိုင်ပါသည်။ကုန်ဖလှယ်မှုအချိုးသည်မိမိရောင်းချသော ကုန်ပစ္စည်းများ၏ တစ်ယူနစ်ဈေးနှုန်း (ပို့ကုန်ဈေးနှုန်း)နှင့် မိမိဝယ်ယူသော ကုန်ပစ္စည်းများ၏ ဈေးနှုန်း (သွင်းကုန်ဈေးနှုန်း) တို့ကို နှိုင်းယှဉ်ခြင်းဖြစ်ပါသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်တွင် မြန်မာနိုင်ငံ၏ပို့ကုန်အများစုသည် လယ်ယာနှင့်သစ်တောအခြေခံပို့ကုန်များဖြစ်ပြီးတင်သွင်းသည့်ပစ္စည်းများမှာ စက်မှုကုန်စည်များနှင့် ရင်းနှီးမြှုပ်နှံမှုကုန်စည်များဖြစ်သောကြောင့် ကုန်ဖလှယ်မှုအချိုးသည်အခွင့်မသာသောကုန်ဖလှယ်မှု အချိုး (Unfavorable Term of Trade) ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါသည်။

ဈေးကွက်စီးပွားရေးစနစ်တွင် ပို့ကုန်အမယ်သစ်များဖြစ်သည့် သဘာဝဓါတ်ငွေ့၊ ချုပ်ပြီးအထည်၊ ပဲမျိုးစုံ၊ရေထွက်ပစ္စည်း၊ ပြောင်း၊ ရာဘာ စသည့် အခြေခံကုန်စည်များသာဖြစ်ပြီး၊ သွင်းကုန်များမှာစက်မှုကုန်ချောကုန်စည်များနှင့်ရင်းနှီးမြှုပ်နှံမှု ကုန်စည်များဖြစ်၍မြန်မာနိုင်ငံ၏ကုန်ဖလှယ်မှု အချိုးမှာ ကုန်သွယ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါကအခွင့်မသာသည့် အခြေအနေရှိခဲ့ပါသည်။ သို့သော် (၂၀၀၅-၂၀၀၆) ခုနှစ်မှစတင်၍သဘာဝဓါတ်ငွေ့တင်ပို့မှုနှင့် သတ္တုတွင်းထွက် ပစ္စည်း တင်ပို့မှုတို့ကြောင့် ကုန်ဖလှယ်မှု အချိုးမှာ အခွင့်သာသည့် အနေအထားတွင်ရှိနေပါသည်။

(ဇယား-၂) ကုန်ဖလှယ်မှုအချိုး

ဘဏ္ဍာနှစ်	ယူနစ်တန်ဖိုးညွှန်းကိန်း		ကုန်ဖလှယ်မှုအချိုး
	ပို့ကုန်	သွင်းကုန်	
(အခြေခံနှစ်၁၉၈၅-၁၉၈၆=၁၀၀)			
၁၉၈၅-၁၉၈၆	၁၀၀.	100	100
၁၉၉၀-၁၉၉၁	97.7	131.1	74.5
၁၉၉၅-၁၉၉၆	107.9	168.4	64.1
၁၉၉၉-၂၀၀၀	78.1	240	32.5
(အခြေခံနှစ် ၂၀၀၀-၂၀၀၁=၁၀၀)			
၂၀၀၀-၂၀၀၁	၁၀၀.	၁၀၀	၁၀၀
၂၀၀၁-၂၀၀၂	၁၁၆.၅	၁၀၉.၉	၁၀၆
၂၀၀၂-၂၀၀၃	၁၁၂.၄	၁၀၈.၁	၁၀၄
၂၀၀၃-၂၀၀၄	၁၀၆.၁	၁၁၅.၃	၉၂

၂၀၀၄-၂၀၀၅	၁၀၈.၅	၁၁၆.၉	၉၂.၈
(အခြေခံနှစ် ၂၀၀၅-၂၀၀၆=၁၀၀)			
၂၀၀၅-၂၀၀၆	၁၀၀	၁၀၀	၁၀၀
၂၀၀၆-၂၀၀၇	၁၁၈	၁၀၂.၇	၁၁၄.၉
၂၀၀၇-၂၀၀၈	၁၄၁.၅	၁၀၄.၆	၁၃၅.၃
၂၀၀၈-၂၀၀၉	၁၅၈.၇	၁၀၇.၆	၁၄၇.၅

ဇစ်မြစ် Statistical Year Book (2009)

(၁၉၈၅-၁၉၈၆) အခြေခံနှစ် ကိန်းဂဏန်းအရ မြန်မာနိုင်ငံ၏ ကုန်ဖလှယ်မှုအချိုးသည် (၁၉၉၀ - ၁၉၉၁) ခုနှစ်တွင် ၇၄ .၅ ရှိရာမှ (၁၉၉၉-၂၀၀၀) ခုနှစ်တွင် ၃၂.၅ အထိ ကျဆင်းခဲ့ပါသည်။ (၂၀၀၀-၂၀၀၁) အခြေခံနှစ်ကိန်းဂဏန်းအရ မြန်မာနိုင်ငံ၏ကုန်ဖလှယ်မှုအချိုးသည် (၂၀၀၁-၂၀၀၂) ခုနှစ်တွင် ၁၀၆ ရှိရာမှ (၂၀၀၄-၂၀၀၅) ခုနှစ်တွင် ၉၂.၈ သို့ ဆက်တိုက် ကျဆင်းခဲ့ပါသည်။ (၂၀၀၆-၂၀၀၇) ခုနှစ်မှ စတင်၍ကုန်ဖလှယ်မှုအချိုး မြင့်တက်ခဲ့ရာ (၂၀၀၈-၂၀၀၉) ခုနှစ်တွင် ၁၄၇.၅ ဖြင့် အမြင့်ဆုံးရောက်ရှိခဲ့ပါသည်။[6]/

၆။ ပို့ကုန်သွင်းကုန် ချိန်ဆက်မှု **(Balance of Trade)**

ပို့ကုန်သွင်းကုန်ချိန်ဆက်မှုဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းနှင့် သွင်းကုန်တန်ဖိုးစုစုပေါင်း ခြားနားချက်ဖြစ်ပါသည်။ ပို့ကုန်သွင်းကုန် ချိန်ဆက်မှုသည် စီးပွားရေးဆိုင်ရာအခြေခံတစ်ခုဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ ငွေကြေးတန်ဖိုးပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိပါသည်။ နိုင်ငံ၏ပို့ကုန်တန်ဖိုးစုစုပေါင်းသည် သွင်းကုန်တန်ဖိုး စုစုပေါင်းထက် ပိုမိုပါကအပေါင်းလက္ခဏာဆောင်သည့် ပိုငွေပြကုန်သွယ်မှုရှင်းတမ်း (Trade Surplus) ကိုဖြစ်ပေါ်စေပြီးသွင်းကုန်တန်ဖိုးစုစုပေါင်းသည် ပို့ကုန်တန်ဖိုးစုစုပေါင်းထက်များပါက အနှုတ်အပေါင်း

[6] မြန်မာနိုင်ငံ၏စုစုပေါင်းတင်ပို့မှုတွင် သဘာဝဓါတ်ငွေ့ တင်ပို့မှုသည် 2005-2006 ခုနှစ်တွင် 30 % ကျော် ပါဝင်ရာမှ ၂၀၀၀-၂၀၁၀ ခုနှစ်တွင် ၃၉% အထိ ပါဝင်ခဲ့ပါသည်။ ကျောက်စိမ်းတင်ပို့မှုမှာ 2005-2006 ခုနှစ်တွင် 5.7 % ပါဝင်ရာမှ 2010-2011 ခုနှစ်တွင် 23 % ပါဝင်ပါသည်။

လက္ခဏာဆောင်သည့် လိုငွေပြကုန်သွယ်မှုရှင်းတမ်း(Trade Deficit) ကိုဖြစ်ပေါ်စေပါသည်။ ကုန်သွယ်မှု ပိုငွေ/လိုငွေပြ ရှင်းတမ်းသည်အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှု၊ အပြည်ပြည် ဆိုင်ရာ ထောက်ပံ့မှုနှင့်အခြားနိုင်ငံ ဖြတ်ကျော်လုပ်ဆောင်ချက်များမှ ဝင်ငွေများပါဝင်သည့်နိုင်ငံ တစ်နိုင်ငံ၏ နိုင်ငံခြားငွေအရ-အသုံး၊ သာမန်စာရင်း (Current Account)၏အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုများ၊ ကုန်သွယ်ဖက်နိုင်ငံများအကြား ထုတ်လုပ်မှု စရိတ်ခြားနားမှု၊ ကုန်ကြမ်းရရှိမှုအခြေအနေ၊ ကုန်သွယ်မှုတွင်အမျိုးမျိုးသော အခွန် အကောက်များ/ ကန့်သတ်ချက်များ၊ အကောက်အခွန်မဟုတ်သည့်အတားအဆီးများ (ပတ်ဝန်းကျင်ဆိုင်ရာ/ကျန်းမာရေးဆိုင်ရာ/ လုံခြုံမှု ဆိုင်ရာစံသတ်မှတ်ချက်များ)၊ သွင်းကုန်များအတွက်ပေးချေရန် နိုင်ငံခြားငွေကြေး အလုံအလောက် ရရှိမှုနှင့် တင်ပို့သည့် ကုန်ပစ္စည်းများ၏ ပြည်တွင်း ဈေးနှုန်းတို့သည် ပို့ကုန်/ သွင်းကုန် ချိန်ဆက်မှုကို အကျိုးသက်ရောက်စေသည့် အချက်များ ဖြစ်ပါသည်။ ၁၉၄၈-၁၉၄၉ ခုနှစ်မှ ၁၉၈၆-၁၉၈၇ ခုနှစ်အထိ မြန်မာနိုင်ငံ၏ ပို့ကုန်နှင့် ကုန်သွယ်မှုရှင်းတမ်းကို ပုံချပ်-၈ တွင် ဖော်ပြထား ပါသည်။



ဈေးကွက် စီးပွားရေးစနစ်စတင်ကျင့်သုံးခဲ့သည့် ၁၉၈၈ ခုနှစ်နောက်ပိုင်း ၁၉၉၀-၉၁ ဘဏ္ဍာနှစ် မှစတင်၍ ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်အထိ သွင်းကုန်ပထမ (Import First) စနစ်ကျင့်သုံးခဲ့၍ သွင်းကုန်တန်ဖိုးသည် ပို့ကုန်တန်ဖိုး ထက်များသောကြောင့် လိုငွေပြကုန်သွယ်မှုရှင်းတမ်း (Deficit balance of trade) ဖြစ်ပေါ်ခဲ့ပါသည်။ ၁၉၉၀-၉၁ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေ ကျပ် ၂.၅၆ ဘီလီယံ

ရှိရာမှ ၁၉၉၉-၂၀၀၀ ခုနှစ်တွင် လိုငွေ ကျပ် ၇.၃၂ ဘီလီယံအထိ မြင့်တက်ခဲ့သည်ကို ပုံချပ် - ၉ တွင် ဖော်ပြထားပါသည်။



ကုန်သွယ်မှု လိုငွေပြ ကုန်သွယ်မှုရှင်းတမ်း ဆက်တိုက်ဖြစ်ပေါ်လာမှုမှတဆင့် ပြည်ပငွေပေးငွေယူရှင်းတမ်း၌လိုငွေဆက်တိုက်ဖြစ်ပေါ်လာမှုကို ကုစားနိုင်ရန်ယခင်ကျင့်သုံးသည့်(Import first) စနစ်အစား ပို့ကုန်ပထမ (Export First) စနစ်ကို ၂၀၀၂-၀၃ ဘဏ္ဍာနှစ်မှစတင်၍ ကျင့်သုံး ခဲ့၍ ပို့ကုန်တန်ဖိုးသည် သွင်းကုန်တန်ဖိုးထက် များလာပြီး ကုန်သွယ်မှုရှင်းတမ်း (Surplus balance of trade)တွင် ကုန်သွယ်မှု ပိုငွေဆက်တိုက်ဖြစ်ပေါ်ခဲ့ပါသည်။ ပို့ကုန်ပထမစနစ်အရ ပို့ကုန်ဝင်ငွေ (Export earning) ပေါ်မူတည်၍ သွင်းကုန်ကို ခွင့်ပြုသည့်အတွက် သွင်းကုန်တန်ဖိုးသည်ပို့ကုန်တန်ဖိုးထက်မများနိုင်တော့ပါ။ စီးပွားရေးတိုးတက်မှုအတွက်ပို့ကုန်တန်ဖိုးသည် သွင်းကုန် တန်ဖိုးထက်များရန်လိုအပ်သော်လည်း တစ်ဘက်မှကြည့်လျှင်ရေရှည်သွင်းကုန် အစားထိုးကုန်ထုတ် လုပ်ငန်းများအတွက်နှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု ပစ္စည်းများအထူးလိုအပ်ပါသည်။[7]/ သို့အတွက်၂၀၀၉ ဘဏ္ဍာနှစ်မှစ၍ သွင်းကုန်များပိုမို တင်သွင်း နိုင်ရန်အတွက်

---

[7] မြန်မာနိုင်ငံ၏စုစုပေါင်းတင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ တင်ပို့မှုသည် 2006-2007 ခုနှစ်တွင် 29 % ရှိရာမှ ၂၀၀၀-၂၀၁၀ ခုနှစ်တွင် ၃၉% အထိ ပါဝင်ခဲ့ပါသည်။ 2010-2011 ခုနှစ် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း စုစုပေါင်းတွင် စက်နှင့် စက်ပစ္စည်းများနှင့် သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၏ ပါဝင်မှုမှာ 53% ရှိပါသည်။

ကုန်စည်ပို့ကုန်ဝင်ငွေ[8]/ သာမကဘဲဆောင်ရွက်မှုလုပ်ငန်းမှ ဝင်ငွေများကိုလည်းဝင်ငွေခွန် (၁၀%) ပေးဆောင်ပြီးပါကပို့ကုန်ဝင်ငွေ (Export earning) အဖြစ်သတ်မှတ်ပေးမှုကြောင့် သွင်းကုန်တန်ဖိုးသည်လည်းအထိုက်အလျောက်တက်လာခဲ့ပါသည်။ ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်တွင်ကုန်သွယ်မှု ပိုငွေသည်အမေရိကန်ဒေါ်လာ ၇၆၃ သန်းရှိရာမှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၄၀၅ သန်းကျော်အထိ ၄.၅ ဆ မြင့်တက်ခဲ့သည်[9]/ကို ဇယား -၃ နှင့် ပုံချပ် -၁၀ တို့တွင် ဖော်ပြထားပါသည်။

---

[၈] နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် ပေးဆောင်ရသည့် ပို့ကုန်အခွန်ကို 2011 ခုနှစ်၊ဇွန်လ အကုန်မှစတင်၍ 3 % လျှော့ချ၍ 7% သာကောက်ခံပါသည်။နိုင်ငံတော်၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊နှမ်း၊ ရော်ဘာ စသည့် လယ်ယာထွက်ကုန်ပစ္စည်း (5) မျိုးနှင့် ရေချို၊ ရေငန်ထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ (ကန့်သတ်ထားသည့် ပစ္စည်းများမှအပ)တို့၏ပြည်ပပို့ကုန် ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန် ကို 2011 ခုနှစ်၊ဩဂုတ်လ 15 ရက်နေ့မှ 2012 ခုနှစ်ဖေဖော်ဝါရီလ 14 ရက်နေ့အထိ 6 လ ကင်းလွတ်ခွင့်ပြု ထားပါသည်။

[၉] မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း မဟာမဲခေါင်ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်၊ ဧရာဝတီ - ကျောက်ဖရား- မဲခေါင်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမဟာဗျူဟာစသည့် အဖွဲ့အစည်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအရ အာဆီယံနှင့် တရုတ်နိုင်ငံသည် တဖက်သတ်အကောက်ခွန်နှုန်း လျှော့ချပေးသည့် အစီအစဉ် (ASEAN Integrated Special Preference) အရ မြန်မာနိုင်ငံ၏ပို့ကုန်များအပေါ် အကောက်ခွန်နှုန်းလျှော့ပေါ့ပေးခဲ့ခြင်းတို့ကြောင့် ၂၀၀၃-၂၀၀၄ ခုနှစ်မှစတင်၍ ကုန်သွယ်မှုပိုငွေဆက်တိုက်ပြခဲ့ပါသည်။



(ဇယား - ၃)မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်နှင့် ကုန်သွယ်မှုရှင်းတမ်း

ဘဏ္ဍာနှစ်	ပို့ကုန်	သွင်းကုန်	ကုန်သွယ်မှု ပမာဏ	ကုန်သွယ်မှု ပိုငွေ/လိုငွေ
၁၉၉၀-၁၉၉၁	2961.9	5522.8	8484.7	-2560.9
၁၉၉၅-၁၉၉၆	5043.8	10301.6	15345.4	-5257.8
၁၉၉၉-၂၀၀၀	8947.3	16264.8	25212.1	-7317.5
၂၀၀၀-၂၀၀၁	1960	2319	4279	-359
၂၀၀၁-၂၀၀၂	3062.84	2299.64	5362.48	763.2
၂၀၀၂-၂၀၀၃	2356.82	2239.97	4596.79	116.85
၂၀၀၃-၂၀၀၄	2927.84	1973.28	4901.12	954.56
၂၀၀၄-၂၀၀၅	3557.21	1984.41	5541.62	1572.8
၂၀၀၅-၂၀၀၆	5232.68	2936.73	8169.41	2295.95
၂၀၀၆-၂၀၀၇	6401.71	3353.42	9755.13	3048.29
၂၀၀၇-၂၀၀၈	6778.85	4543.45	11322.3	2235.4
၂၀၀၈-၂၀၀၉	7586.94	4181.4	11768.34	3405.54
၂၀၀၉-၂၀၁၀	8861.11	6412.73	15273.74	2448.27

ဇစ်မြစ်: အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန(၁၉၉၀-၂၀၁၁) အထိ
(၁၉၈၅-၁၉၈၆) ခုနှစ်မှ (၁၉၉၉ - ၂၀၀၀) ခုနှစ်အထိ ကိန်းဂဏန်းများမှာ ကျပ်သန်းပေါင်းဖြစ်ပါသည်။
(၁၉၈၈-၁၉၈၉)ခုနှစ်နောက်ပိုင်း ကိန်းဂဏန်းများ တွင် နယ်စပ်ကုန်သွယ်ရေးအချက်အလက်များပါဝင်သည်။

၇။ လက်ရှိမြန်မာနိုင်ငံ၏ ကုန်သွယ်မှု အခြေအနေ (၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ် ထိ)

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေကို ၂၀၀၅ -၂၀၀၆ မှ ၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ်အထိ ဆန်းစစ်ကြည့်ပါကကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁.၅၇ ဘီလီယံမှ ၂.၄၅ ဘီလီယံအထိ ၁.၅၆ ဆကျော် တိုးတက်ခဲ့ပြီး ပို့ကုန်တိုးတက်မှုမှာအမေရိကန်ဒေါ်လာ ၃.၅၆ ဘီလီယံမှ ၈.၈၆ ဘီလီယံအထိ ၂.၅ ဆနှင့် သွင်းကုန်တိုးတက်မှာ အမေရိကန်ဒေါ်လာ ၁.၉၈ ဘီလီယံမှ ၆.၄၁ ဘီလီယံအထိ ၃ ဆကျော် တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတွင်နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် ပါဝင်မှုအချိုးမှာ ယေဘုယျအားဖြင့် ၅၀:၅၀ ဖြစ်သည်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင်မှုနိုင်ငံပိုင်ကဏ္ဍ ကုန်သွယ်မှုသည် ပုဂ္ဂလိက ကုန်သွယ်မှုထက် သိသိသာသာပိုမိုခဲ့ပြီး ပါဝင်မှုအချိုးမှာ ၅၅ : ၄၅ ဖြစ်ခဲ့ပါသည်။ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာနှစ် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကွာဟမှု ပြန်လည်ကျဉ်းသွားပြီး၊ ပါဝင်မှု အချိုးမှာ ၄၉ : ၅၁ ဖြစ်ပါသည်။ ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာနှစ် ကုန်သွယ်မှုတွင် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်မှု အချိုးမှာ ၄၇: ၅၃ ဖြစ်ပါသည်။ ဘဏ္ဍာနှစ် (၆) နှစ် အတွင်းတွင် ပြည်ပ တင်ပို့မှု၌ နိုင်ငံပိုင်ကဏ္ဍ ပါဝင်မှုသည် ပုဂ္ဂလိကပိုင်ကဏ္ဍထက် သိသိသာသာများနေသော်လည်း ပြည်ပမှတင်သွင်းမှုတွင် ပုဂ္ဂလိကပိုင်ကဏ္ဍပါဝင်မှုသည် နိုင်ငံပိုင်ထက်များနေပါသည်။၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၌ပြည်ပ တင်ပို့မှုတွင်နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပါဝင်မှုအချိုးမှာ ၆၁ : ၃၉ ဖြစ်ပြီး၊ သွင်းကုန် တင်သွင်းမှုတွင် ၂၈ : ၇၂ သို့ဖြစ်ရာ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍမှတိုးမြှင့် တင်ပို့ရန်လိုအပ်ပါ သည်။

(ဇယား - ၄)ကုန်သွယ်မှုတွင် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍတို့၏ပါဝင်မှု

အမေရိကန်ဒေါ်လာသန်း

စဉ်	ဘဏ္ဍာနှစ်	ပို့ကုန်		သွင်းကုန်		ကုန်သွယ်မှုပမာဏ	
		နိုင်ငံပိုင်	ပုဂ္ဂလိက	နိုင်ငံပိုင်	ပုဂ္ဂလိက	နိုင်ငံပိုင်	ပုဂ္ဂလိက
၁	၂၀၀၅-၂၀၀၆	၁၉၄၀.၄၀	၁၆၁၇.၆၃	၆၁၆.၀၇	၁၃၆၈.၃၄	၂၅၅၆.၄၇	၂၉၈၅.၉၇
	ပါဝင်မှု %	၅၄.၅၄%	၄၅.၄၆%	၃၁.၀၄%	၆၈.၉၆%	၄၆.၁၃%	၅၃.၈၇%
၂	၂၀၀၆-၂၀၀၇	၃၁၂၇.၂၁	၂၁၀၅.၄၇	၁၁၂၈.၈၆	၁၈၀၇.၈၇	၄၂၅၆.၀၇	၃၉၁၃.၃၄
	ပါဝင်မှု %	၅၉.၇၆%	၄၀.၂၄%	၃၈.၄၄%	၆၁.၅၆%	၅၂.၁၀%	၄၇.၉၀%
၃	၂၀၀၇-၂၀၀၈	၄၀၂၈.၄၁	၂၃၇၃.၃၀	၉၀၉.၈၁	၂၄၄၃.၆၁	၄၉၃၈.၂၂	၄၈၁၆.၉၁
	ပါဝင်မှု %	၆၂.၉၃%	၃၇.၀၇%	၂၇.၁၃%	၇၂.၈၇%	၅၀.၆၂%	၄၉.၃၈%
၄	၂၀၀၈-၂၀၀၉	၄၃၁၀.၀၉	၂၄၆၉.၀၂	၁၉၅၃.၄၇	၂၅၈၉.၇၉	၆၂၆၃.၅၆	၅၀၅၈.၈၁
	ပါဝင်မှု %	၆၃.၅၈%	၃၆.၄၂%	၄၃.၀၀%	၅၇.၀၀%	၅၅.၃၂%	၄၄.၆၈%
၅	၂၀၀၉-၂၀၁၀	၄၄၅၇.၄၂	၃၁၂၉.၅၃	၁၂၇၀.၄၄	၂၉၁၀.၉၆	၅၇၂၇.၈၆	၆၀၄၀.၄၉
	ပါဝင်မှု %	၅၈.၇၅%	၄၁.၂၅%	၃၀.၃၈%	၆၉.၆၂%	၄၈.၆၇%	၅၁.၃၃%
၆	၂၀၁၀-၂၀၁၁	၅၃၆၂.၁၈	၃၄၉၈.၈၃	၁၇၈၈.၃၇	၄၆၂၄.၃၆	၇၁၅၀.၅၅	၈၁၂၃.၁၉
	ပါဝင်မှု %	၆၀.၅၁%	၃၉.၄၉%	၂၇.၈၉%	၇၂.၁၁%	၄၆.၈၂%	၅၃.၁၈%

Source : CSO,DOBT

ကုန်ပစ္စည်းအုပ်စုအလိုက် ပြည်ပတင်ပို့မှုတွင် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုသည် နှစ်စဉ်တိုးမြင့်လျက်ရှိပြီး၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၌ ၇.၂၇%မြင့်တက်ခဲ့ပါသည်။ သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှု ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်မှ ၂၀၀၇ -၂၀၀၈ ဘဏ္ဍာနှစ်အထိ နှစ်စဉ် မြင့်တက်ခဲ့သော်လည်း ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်၌ ၄.၅၆% ကျဆင်းခဲ့ ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၌ ၁၂၃.၄၈% မြင့်တက်ခဲ့ပါသည်။ စက်မှုကုန်ချောပစ္စည်းများ တင်ပို့မှုသည်၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ်မှ ၂၀၀၇ -၂၀၀၈ဘဏ္ဍာနှစ်အထိနှစ်စဉ်မြင့်တက်ခဲ့ပြီး၊၂၀၀၈-၂၀၀၉ဘဏ္ဍာနှစ်၌ ၄.၉၅% ကျဆင်းခဲ့ရာ ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာနှစ်၌ ၁၀.၂၂% ပြန်လည် ကျဆင်းခဲ့ပါသည်။

တင်ပို့မှုပမာဏအားဖြင့် အနည်းဆုံးအုပ်စုဖြစ်သည့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့မှုသည် နှစ်စဉ်တိုးမြင့်လျက်ရှိပြီး၊ ၂၀၁၀- ၂၀၁၁ ဘဏ္ဍာနှစ်၌ ၈၈.၃% ၊ ရေထွက်ပစ္စည်းများ တင်ပို့မှုသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၌ ၆.၇၉% မြင့်တက်ခဲ့ပါသည်။ သစ်တောထွက်ပစ္စည်း များတင်ပို့မှုသည်

လည်းအတက်အကျများ ဖြစ်ပေါ်ခဲ့ရာ ၂၀၀၈ - ၂၀၀၉ ဘဏ္ဍာနှစ်၌ ၁၉.၂၈% ကျဆင်းခဲ့သော်လည်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်များတွင် ၈.၆၈% နှင့် ၁၄.၈၁% အသီးသီး မြင့်တက်ခဲ့သည်ကို **(ဇယား-၅)**အရ တွေ့မြင်နိုင်ပါသည်။

၂၀၀၅-၂၀၀၆ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိပို့ကုန်အမယ်များကို ဆန်းစစ်ကြည့်ပါက သဘာဝဓါတ်ငွေ့နှင့် ကျောက်စိမ်းတင်ပို့မှုမှာ အဓိကအရေးပါဆုံးဖြစ်ပြီးချုပ်ပြီးအထည်နှင့် မတ်ပဲတို့ ၏တင်ပို့မှုမှာဒုတိယအရေးပါဆုံး ဖြစ်ပါသည်။ ပို့ကုန်အမယ်များအနက် ရာဘာစိမ်း၊ ပြောင်းနှင့် မတ်ပဲ တို့၏ တင်ပို့မှုမှာ အတက်ဖက်သို့ လားရာပြပြီး ငါး၊ နှမ်း၊ သတ္တုနှင့် သတ္တုရိုင်းများ၊ ကျောက်မျက် ရတနာ၊ သစ်မာလုံး၊ ကုလားပဲ၊ ပုဇွန်တို့၏ တင်ပို့မှုမှာ အကျဖက်သို့လားရာ ရှိနေပါသည်။

(ဇယား-၁၁) [illegible] ပို့ကုန်အမယ်များ [illegible]

စဉ်	၂၀၀၅-၂၀၀၆	၂၀၀၆-၂၀၀၇	၂၀၀၇-၂၀၀၈	၂၀၀၈-၂၀၀၉	၂၀၀၉-၂၀၁၀	၂၀၁၀-၂၀၁၁
1	သဘာဝဓါတ်ငွေ့	သဘာဝဓါတ်ငွေ့	သဘာဝဓါတ်ငွေ့	သဘာဝဓါတ်ငွေ့	သဘာဝဓါတ်ငွေ့	သဘာဝဓါတ်ငွေ့
2	ချုပ်ပြီးအထည်	ကျောက်စိမ်း	ကျောက်စိမ်း	ကျောက်စိမ်း	ကျောက်စိမ်း	ကျောက်စိမ်း
3	ကြေးသတ္တုလုံး	မတ်ပဲ	ငါး	ချုပ်ပြီးအထည်	မတ်ပဲ	မတ်ပဲ
4	ကျောက်စိမ်း	ချုပ်ပြီးအထည်	ချုပ်ပြီးအထည်	ငါး	ပဲတီစိမ်း	ချုပ်ပြီးအထည်
5	ငါး	ကြေးသတ္တုလုံး	မတ်ပဲ	မတ်ပဲ	ငါး	ငါး
6	သစ်မာလုံး	ငါး	သစ်မာလုံး	ပဲစင်းငုံ	ချုပ်ပြီးအထည်	ရာဘာစိမ်း
7	မတ်ပဲ	ပဲတီစိမ်း	ကြေးသတ္တုလုံး	ဆန်	ဆန်	ကြေးသတ္တုလုံး
8	ပုဇွန်	သစ်မာလုံး	ပဲတီစိမ်း	ကြေးသတ္တုလုံး	သစ်မာလုံး	ပဲတီစိမ်း
9	သစ်ခွဲ[illegible]သစ်ချောင်းများ	ပုဇွန်	ပဲစင်းငုံ	သစ်မာလုံး	ကြေးသတ္တုလုံး	သစ်မာလုံး
10	ပဲတီစိမ်း	သစ်ခွဲ[illegible]သစ်ချောင်းများ	နှမ်း	ပဲတီစိမ်း	ပဲစင်းငုံ	ဆန်
11	ပဲစင်းငုံ	နှမ်း	ပုဇွန်	နှမ်း	ရာဘာစိမ်း	ပဲစင်းငုံ
12	ကြေးသတ္တုရိုင်း	ပဲစင်းငုံ	ရာဘာစိမ်း	ပုဇွန်	နှမ်း	ပြောင်း
13	ရာဘာစိမ်း	ရာဘာစိမ်း	ဆန်	ပြောင်း	ပုဇွန်	နှမ်း
14	ဆန်	ကြေးသတ္တုရိုင်း	သစ်ခွဲ[illegible]သစ်ချောင်းများ	ရာဘာစိမ်း	ပြောင်း	ပုဇွန်
15	နှမ်း	ပြောင်း	ကုလားပဲ	ကုလားပဲ	သစ်ခွဲ[illegible]သစ်ချောင်းများ	သစ်ခွဲ[illegible]သစ်ချောင်းများ
16	ကျောက်မျက်ရတနာ	ကုလားပဲ	ပြောင်း	သစ်ခွဲ[illegible]သစ်ချောင်းများ	ကုလားပဲ	ကြေးသတ္တုရိုင်း
17	သတ္တုပါး [illegible]အထည်	ကျောက်မျက်ရတနာ	ကြေးသတ္တုရိုင်း	ကြေးသတ္တုရိုင်း	သတ္တုဘား	သတ္တုပါး [illegible]အထည်
18	ပြောင်း	သတ္တုပါး [illegible]အထည်	ကျောက်မျက်ရတနာ	သတ္တုပါး [illegible]အထည်	သတ္တုပါး [illegible]အထည်	ကျောက်မျက်ရတနာ
19	ကုလားပဲ	သစ်မာခွဲသား	သတ္တုပါး [illegible]အထည်	ကျောက်မျက်ရတနာ	ကြေးသတ္တုရိုင်း	သစ်မာခွဲသား
20	သစ်မာခွဲသား	ပဲတီစိမ်းလုံးခွမ်း(ခွံမဲ	ပဲလွန်းဖြူ	သစ်မာခွဲသား	ကျောက်မျက်ရတနာ	ကုလားပဲ
21	အခြားပစ္စည်းများ	အခြားပစ္စည်းများ	အခြားပစ္စည်းများ	အခြားပစ္စည်းများ	အခြားပစ္စည်းများ	အခြားပစ္စည်းများ

အမေရိကန်ဒေါ်လာသန်းပေါင်း

မက်ထရစ်တန်ထောင်ပေါင်း

				၂၀၀၅-၂၀၀၆	၂၀၀၆-၂၀၀၇	၂၀၀၇-၂၀၀၈	၂၀၀၈-၂၀၀၉	၂၀၀၉-၂၀၁၀	၂၀၁၀-၂၀၁၁
			US$	**၃၁၂၇.၇၃၀**	**၄၅၈၅.၄၇၀**	**၅၆၅၅.၀၃၀**	**၆၁၂၁.၅၅၀**	**၆၉၂၂.၆၀၀**	**၇၇၄၆.၆၆၅**
			US$	**၄၃၅.၆၂၀**	**၆၉၅.၃၂၀**	**၈၅၂.၀၈၀**	**၁၀၄၇.၈၂၀**	**၁၁၁၉.၈၀၀**	**၁၂၂၇.၆၅၀**
			US$	၃၆.၀၂၀	၃.၀၅၀	၁၀၂.၄၉၀	၁၉၈.၂၄၀	၂၅၃.၈၈၀	၁၉၄.၂၆၅
				၁၇၅.၀၀၀	၁၄.၅၀၀	၃၅၈.၁၀၀	၆၆၆.၄၀၀	၈၁၇.၁၀၀	၅၂၆.၆၀၀
			US$	၀.၅၅၀		၀.၀၆၀		၀.၃၅၀	၃.၈၁၀
				၅.၀၀၀		၀.၂၀၀		၁.၀၀၀	၉.၈၀၀
			US$	၁၁.၀၆၀	၂၇.၂၂၀	၃၁.၃၂၀	၂၆.၃၆၀	၂.၁၀၀	၁၁.၁၅၆
				၉၀.၀၀၀	၁၈၃.၁၀၀	၁၅၆.၀၀၀	၁၂၀.၂၀၀	၁၀.၄၀၀	၄၄.၈၀၀
			US$	**၃၂၂.၂၉၀**	**၆၀၈.၆၅၀**	**၆၂၇.၈၈၀**	**၇၄၄.၄၆၀**	**၉၂၉.၈၈၀**	**၇၉၉.၇၄၈**
				၈၆၅.၆၀၀	**၁၁၅၅.၁၀၀**	**၁၁၄၁.၇၀၀**	**၁၄၅၁.၄၀၀**	**၁၂၁၁.၉၀၀**	**၈၂၉.၄၀၀**
			US$	၁၄၅.၄၁၀	၁၀၃.၈၅၀	၂၇၃.၄၇၀	၂၆၃.၅၇၀	၄၆၁.၉၁၀	၄၅၀.၆၄၂
				၃၇၉.၆၀၀	၄၈၇.၁၀၀	၄၉၄.၄၀၀	၅၂၉.၈၀၀	၆၁၅.၈၀၀	၄၅၆.၅၀၀
			US$	၇၆.၉၉၀	၁၄၆.၇၅၀	၁၀၉.၅၆၀	၁၄၀.၇၅၀	၂၆၂.၄၉၀	၁၈၁.၁၉၈
				၁၇၄.၁၀၀	၂၄၈.၅၀၀	၁၇၈.၈၀၀	၂၆၄.၈၀၀	၃၀၃.၆၀၀	၁၆၆.၃၀၀
			US$	၆၀.၈၀၀	၈၁.၇၃၀	၁၃၇.၂၆၀	၂၄၀.၁၇၀	၁၄၂.၄၃၀	၁၂၁.၇၄၆
				၂၀၃.၂၀၀	၂၆၆.၆၀၀	၂၆၉.၉၀၀	၄၇၁.၈၀၀	၁၉၃.၉၀၀	၁၄၆.၂၀၀
			US$	၁၂.၀၇၀	၃၃.၁၁၀	၆၄.၃၄၀	၄၈.၈၅၀	၂၄.၇၂၀	၆.၄၅၂
				၃၁.၀၀၀	၅၈.၅၀၀	၁၁၄.၈၀၀	၈၅.၆၀၀	၄၆.၂၀၀	၈.၄၀၀
			US$	၂၇.၀၂၀	၄၃.၂၁၀	၄၃.၂၅၀	၅၁.၁၂၀	၃၈.၃၃၀	၃၉.၇၁၀
				၇၇.၇၀၀	၉၄.၆၀၀	၈၃.၈၀၀	၉၉.၄၀၀	၇၂.၄၀၀	၅၂.၀၀၀
			US$	၁၈.၁၁၀	၂၉.၈၇၀	၃၈.၃၂၀	၃၁.၂၃၀	၃၄.၁၉၀	၄၅.၄၄၃
				၂၁.၅၀၀	၃၉.၄၀၀	၃၁.၅၀၀	၁၉.၅၀၀	၂၄.၄၀၀	၂၉.၅၀၀
			US$	၀.၁၅၀	၀.၆၇၀	၃.၂၄၀	၃.၈၁၀	၃.၂၉၀	၀.၀၄၂
				၀.၃၀၀	၁.၃၀၀	၄.၇၀၀	၄.၇၀၀	၄.၈၀၀	
			US$					၂.၁၉၀	၂.၉၉၅
								၁.၅၀၀	၂.၁၀၀
			US$					၀.၀၇၀	
								၀.၁၀၀	
			US$	၀.၀၀၀	၀.၀၀၀				
			US$	၀.၀၁၀	၀.၀၀၀		၀.၁၀၀		၀.၀၀၈
			US$	၃၅.၃၅၀	၁၄.၄၂၀	၃၄.၇၉၀	၂၂.၇၈၀	၇၅.၀၁၀	၁၅၃.၅၀၄
				၂၉.၃၀၀	၉.၅၀၀	၁၉.၂၀၀	၁၃.၆၀၀	၄၁.၁၀၀	၄၆.၅၀၀
			US$	၁၂.၀၈၀	၁၁.၄၄၀	၁၃.၉၈၀	၂၀.၈၄၀	၁၈.၈၄၀	၁၆.၆၇၉
			US$	**၁၉၇.၀၆၀**	**၂၃၆.၀၈၀**	**၃၀၀.၇၇၀**	**၂၇၅.၉၃၀**	**၂၇၆.၅၆၀**	**၂၈၇.၁၃၆**
			US$	၈၇.၈၅၀	၁၁၆.၀၅၀	၁၈၂.၃၄၀	၁၆၇.၉၄၀	၁၈၁.၈၇၀	၁၉၉.၇၄၁
				၇၃.၆၀၀	၉၆.၄၀၀	၁၁၃.၇၀၀	၁၁၁.၂၀၀	၁၅၀.၃၀၀	၁၁၉.၅၀၀
			US$	၉၉.၀၀၀	၁၀၅.၇၇၀	၁၀၁.၀၄၀	၈၆.၈၉၀	၆၃.၅၉၀	၆၅.၂၆၀
				၁၉.၅၀၀	၂၀.၅၀၀	၁၈.၃၀၀	၁၈.၂၀၀	၁၈.၈၀၀	၁၈.၃၀၀
			US$	၁၀.၂၁၀	၁၄.၂၆၀	၁၇.၃၉၀	၂၁.၁၀၀	၃၁.၁၀၀	၂၂.၁၃၅
			US$	**၃၄၄.၆၂၀**	**၄၉၇.၅၀၀**	**၇၃၁.၉၃၀**	**၇၀၃.၀၁၀**	**၉၈၂.၂၆၀**	**၂၀၇၀.၄၄၇**
			US$	၁၁၁.၅၁၀	၁၁၀.၉၅၀	၈၆.၂၅၀	၃၂.၁၂၀	၃၃.၀၉၀	၄၂.၃၁၀
				၂၉.၇၀၀	၁၆.၇၀၀	၁၂.၇၀၀	၉.၀၀၀	၈.၈၀၀	၈.၃၀၀
			US$	၂၀၅.၃၉၀	၃၅၅.၅၈၀	၆၂၀.၂၁၀	၆၅၆.၁၇၀	၉၃၉.၂၉၀	၂၀၁၇.၂၉၂

			US$	၂၇.၄၄၀	၃၀.၃၂၀	၂၄.၃၈၀	၁၄.၆၇၀	၉.၈၃၀	၁၀.၅၁၃
			US$	၀.၂၈၀	၀.၆၅၀	၀.၀၇၀	၀.၀၇၀	၀.၀၅၀	၀.၃၃၂
			US$	**၅၁၀.၉၂၀**	**၅၄၈.၇၁၀**	**၅၇၃.၅၃၀**	**၄၃၇.၈၆၀**	**၅၂၀.၉၁၀**	**၆၂၂.၃၃၈**
			US$	၂၄၀.၁၄၀	၂၆၃.၂၆၀	၂၃၈.၁၀၀	၁၈၂.၅၆၀	၁၉၈.၁၃၀	၂၈၂.၀၄၀
				၂၉၆.၄၀၀	၃၂၁.၈၀၀	၂၆၂.၀၀၀	၁၆၁.၅၀၀	၁၆၃.၀၀၀	၂၂၈.၄၀၀
			US$	၅၆.၄၈၀	၄၁.၅၇၀	၄၁.၅၀၀	၃၀.၃၆၀	၁၇.၇၃၀	၂၄.၉၁၃
				၃၆.၇၀၀	၂၅.၆၀၀	၂၀.၃၀၀	၁၅.၁၀၀	၁၁.၃၀၀	၁၅.၁၀၀
			US$	၁၆၉.၇၃၀	၁၉၇.၄၀၀	၂၅၀.၃၃၀	၁၉၃.၂၇၀	၂၇၁.၉၉၀	၂၇၉.၂၂၀
				၆၂၃.၁၀၀	၆၂၄.၆၀၀	၇၈၂.၃၀၀	၅၄၅.၇၀၀	၇၁၅.၆၀၀	၇၀၇.၇၀၀
			US$	၈.၁၁၀	၉.၁၂၀	၈.၅၁၀	၅.၁၁၀	၅.၆၈၀	၇.၇၀၆
				၁၃.၅၀၀	၁၂.၇၀၀	၉.၅၀၀	၅.၄၀၀	၆.၅၀၀	၉.၅၀၀
			US$	၁၉.၆၄၀	၂၂.၇၅၀	၂၀.၃၈၀	၁၇.၆၆၀	၁၉.၄၀၀	၂၁.၃၉၀
			US$	၁၆.၈၂၀	၁၄.၆၁၀	၁၄.၇၁၀	၈.၉၀၀	၇.၉၈၀	၇.၀၆၉
			US$	**၁၃၅၁.၈၄၀**	**၂၃၁၈.၂၇၀**	**၂၈၀၃.၄၇၀**	**၂၆၇၉.၆၀၀**	**၃၂၃၃.၅၄၀**	**၂၉၀၁.၆၂၄**
			US$	၀.၃၁၀			၃.၁၃၀	၂၃.၇၇၀	
				၁.၀၀၀			၈.၇၀၀	၅၈.၃၀၀	
			US$	၂၇၀.၉၄၀	၂၇၉.၁၄၀	၂၈၂.၇၃၀	၂၉၁.၇၈၀	၂၈၃.၀၈၀	၃၇၉.၀၉၄
				၇၁၃၀၈.၈၀၀	၈၀၀၄၄.၂၀၀	၇၇၀၆၅.၁၀၀	၆၇၁၆၇.၇၀၀	၆၄၉၅.၆၀၀	၇၉၈၈၇.၄၀၀
			US$	၀.၀၀၀	၀.၀၀၀				
			US$	၁၀၇၉.၅၉၀	၂၀၃၉.၁၃၀	၂၅၂၀.၇၄၀	၂၃၈၄.၆၉၀	၂၉၂၆.၆၉၀	၂၅၂၂.၅၃၀
				၃၂၂၇၂၂.၃၀၀	၄၆၀၀၈၇.၅၀၀	၅၁၅၆၈၉.၆၀၀	၃၇၆၉၆၅.၈၀၀	၄၉၈၄၄၁.၆၀၀	၄၁၀၃၇၀.၄၀၀
			US$	**၂၈၇.၆၇၀**	**၂၈၉.၅၉၀**	**၃၉၃.၂၅၀**	**၉၇၇.၃၁၀**	**၅၈၉.၅၃၀**	**၆၁၇.၄၇၀**
			US$	၂၈၄.၁၅၀	၂၈၆.၆၇၀	၃၈၉.၄၂၀	၉၇၂.၅၆၀	၅၈၂.၈၅၀	၆၂၄.၆၆၈
			US$	၃.၅၂၀	၂.၉၂၀	၃.၈၃၀	၄.၇၅၀	၆.၆၈၀	၁၂.၈၀၂
			US$	**၄၁၀.၁၀၀**	**၆၄၇.၂၁၀**	**၇၄၆.၆၈၀**	**၆၅၇.၁၀၀**	**၆၆၄.၁၅၀**	**၁၁၁၄.၁၄၆**
			US$	**၃၅၅၈.၀၁၀**	**၅၂၁၂.၆၈၀**	**၆၄၀၁.၇၁၀**	**၆၇၇၈.၈၅၀**	**၇၅၈၆.၉၅၀**	**၈၈၆၁.၀၁၁**

Source: CSO,DOBT

၈။ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုအခြေအနေ

မြန်မာနိုင်ငံ၏အဓိကကုန်သွယ်ဘက် နိုင်ငံများမှာ အာဆီယံနိုင်ငံများဖြစ်ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် စုစုပေါင်းကုန်သွယ်မှု၏ ၉၅% ကျော်ရှိသော်လည်း အိမ်နီးချင်းနိုင်ငံများသည် မြန်မာ့ပြည်ပကုန်သွယ်ရေးတွင် အဓိကအရေးပါသည့် ဈေးကွက်များဖြစ်ပါသည်။ ကုန်သွယ်မှုညီမျှခြေအရ (Trade Balance) အရကုန်သွယ်မှုအသာစီးရရှိနေပြီးဖြစ်၍ မြန်မာနိုင်ငံ၏အဓိကပို့ကုန်ဈေးကွက်တစ်ခုဖြစ်ရာ အနာဂါတ်တွင် မြန်မာ့ကုန်သွယ်မှုအတွက် အခွင့်အလမ်းသာမည့်ဈေးကွက်တစ်ခုဖြစ်လာနိုင်ပါသည်။ ၂၀၀၆ - ၂၀၀၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀ - ၂၀၁၁ ခုနှစ်အထိ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ (Bilateral Trade) ကိုအောက်ပါ အတိုင်းတင်ပြအပ်ပါသည်-

(က) မြန်မာ - တရုတ် ကုန်သွယ်မှု

တရုတ်နိုင်ငံသည် အာဆီယံမဟုတ်သော ကုန်သွယ်ဘက်နိုင်ငံများအနက်အရေးပါဆုံးသော ကုန်သွယ်ဘက်နိုင်ငံဖြစ်ပါသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁.၇ ဘီလီယံရှိရာမှ ၂၀၁၀ - ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅.၃ ဘီလီယံအထိ တိုးတက်ခဲ့ပါသည်။ တရုတ်နိုင်ငံသို့တင်ပို့မှုတွင်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို အဓိကအသုံးပြုသော်လည်းတရုတ်နိုင်ငံမှတင်သွင်းမှုကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုနည်းလမ်းဖြင့် အဓိကတင်သွင်းပါသည်။ ကုန်သွယ်မှုညီမျှခြေအရ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတွင် မြန်မာနိုင်ငံသည် အသာစီးရသည့် အခြေအနေရှိပါသည်။

(ခ) မြန်မာ - အိန္ဒိယ ကုန်သွယ်မှု

အိန္ဒိယနိုင်ငံသည် အာဆီယံမဟုတ်သော ကုန်သွယ်ဘက်နိုင်ငံများအနက် ဒုတိယအရေးပါဆုံးသော ကုန်သွယ်ဘက်နိုင်ငံဖြစ်ပါသည်။၂၀၀၆-၂၀၀၇ခုနှစ်တွင် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၉၄ သန်း ရှိရာမှ ၂၀၁၀ - ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၆၇ သန်းအထိ ၁၆ % တိုးတက်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံသို့တင်ပို့မှုတွင်ပင်လယ်ရေကြောင်း ကုန်သွယ်မှုနည်းလမ်းကို အဓိကအသုံးပြု သော်လည်း အိန္ဒိယနိုင်ငံမှ တင်သွင်းမှုကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် အဓိကတင်သွင်းပါသည်။ ကုန်သွယ်မှု ညီမျှခြေအရအိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုတွင် မြန်မာနိုင်ငံသည်အသာစီးရသည့် အခြေအနေရှိပါသည်။

(ဂ) မြန်မာ - ထိုင်းကုန်သွယ်မှု

ထိုင်းနိုင်ငံသည် ၂၀၀၉-၂၀၁၀ ခုနှစ်အထိ မြန်မာနိုင်ငံ၏အဓိကအရေးပါဆုံးသော ကုန်သွယ်ဘက် နိုင်ငံတစ်ခုဖြစ်ပါသည်။၂၀၀၆-၂၀၀၇ခုနှစ်တွင် ကုန်သွယ်မှုပမာဏ မှာအမေရိကန်ဒေါ်လာ ၂. ၇ ဘီလီယံရှိရာမှ ၂၀၁၀ - ၂၀၁၁ ခုနှစ်တွင် ၃.၆ ဘီလီယံ အထိ ၃၃ % တိုးတက်ခဲ့ပါသည်။ ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှုပြုရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုနည်းလမ်းကို အဓိကအသုံးပြုသော်လည်း နိုင်ငံအတွက်လိုအပ်သည့်အချို့ကုန်စည်များကိုမူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် တင်ပို့ တင်သွင်းပါသည်။ ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချသောကုန်စည်များမှာသဘာဝ ဓါတ်ငွေ့၊ ကျောက်မျက်ရတနာများ၊ အသင့်ချုပ်ပြီးအထည်၊ ရေထွက်ပစ္စည်း၊ ရာဘာကုန်ကြမ်း၊ သတ္တုကုန်ကြမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးနှင့် သစ်တောထွက်ပစ္စည်းများဖြစ်ပြီး၊ ဓါတ်မြေသြဇာ၊ လျှပ်စစ်ပစ္စည်းများ၊ ဘိလပ်မြေ၊ စက္ကူနှင့် စာရေးကိရိယာ၊ ရာဘာကုန်ချောနှင့် အိမ်သုံးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို တင်သွင်းပါသည်။

(ဃ) မြန်မာ **-** ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှု

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကုန်သွယ်မှုပမာဏအားဖြင့်မြန်မာနိုင်ငံအတွက် အရေးပါသည့်ကုန်သွယ်ဘက်နိုင်ငံမဟုတ်သော်လည်းမြန်မာနိုင်ငံ၏ အရေးပါသော ကုန်သွယ်ဘက်နိုင်ငံဖြစ်ပါသည်။ ၂၀၀၆ -၂၀၀၇ ခုနှစ်တွင် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၁ သန်း ရှိရာမှ ၂၀၁၀ - ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၇ သန်း အထိ ၁၂၅% တိုးတက်ခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ကုန်သွယ်မှုပြုရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုနည်းလမ်းကို အဓိကအသုံးပြုပါသည်။ နိုင်ငံအတွက်လိုအပ်သည့် ကုန်စည်အချို့ကိုသာနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းဖြင့် တင်သွင်းပါသည်။ ကုန်သွယ်မှု ညီမျှခြေအရ ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ကုန်သွယ်မှုတွင် မြန်မာနိုင်ငံသည် အသာစီးရသည့် အခြေအနေရှိပါသည်။

(ဃ) မြန်မာ **-** လာအိုကုန်သွယ်မှု

မြန်မာ-လာအို ကုန်သွယ်မှုပမာဏမှာအခြားအိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏထက် လွန်စွာလျော့နည်းပါသည်။

မြန်မာနိုင်ငံနှင့် နယ်နမိတ်ခြင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများ၏ နယ်စပ်ဒေသများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူနေမှုအဆင့်အတန်းမြင့်မားစေရန်နှင့် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်စေရန် ရည်ရွယ်၍ နယ်စပ်ကုန်သွယ်ရေးစခန်းများကို ၁၉၈၈ ခုနှစ်မှစတင်၍ ဖွင့်လှစ် ဆောင်ရွက်ပေးခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းတိုင်းတွင် အမေရိကန်ဒေါ်လာ၊ မြန်မာကျပ်ငွေနှင့် သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံ၏ ငွေကြေးတို့ကိုပါ ပေးခြေခွင့်ပြုခဲ့သည့်အတွက် နှစ်စဉ်နယ်စပ် ကုန်သွယ်မှုပမာဏမှာလည်း တိုးတက်မှုရှိခဲ့ပါသည်။ နိုင်ငံ၏စုစုပေါင်း ကုန်သွယ်မှုပမာဏတွင် နယ်စပ် ကုန်သွယ်ရေး၏ပါဝင်မှုသည် ၁၂% ခန့်ရှိပါသည်။

၉။ ကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ်များ

ကုန်သွယ်မှုပမာဏတိုးမြှင့်မှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအပေါ်အပေါင်း လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုရှိသည်။ ကုန်သွယ်မှုပမာဏတိုးမြှင့်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့တွင် ကုန်သွယ်မှုမြှင့်တင်ရေး ရုံးခန်းများ ဖွင့်လှစ်၍ ပြည်ပ ပို့ကုန်ကိစ္စနှင့် ပတ်သက်၍ အကြံပေးခြင်းများ ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန် လုပ်ငန်းများ လျင်မြန်ချောမွေ့စေရန်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ နားလည်တတ်ကျွမ်းမှုရှိစေရန် ပို့ကုန် သွင်းကုန်လုပ်ထုံး လုပ်နည်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ပတ်သက်၍သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရန်ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးခြင်း၊ နှစ်နိုင်ငံ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံပွဲ (Business Matching)ကိုအားပေး ဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မရှင်များ ထူထောင်၍ နှစ်နိုင်ငံနားလည်မှုစာချွန်

လွှာများရေးထိုး၍ ကုန်သွယ်မှု တိုးတက်စေရန်နှင့် လျင်မြန်ချောမွေ့စေရန်ဆောင်ရွက်ခြင်း၊ အဓိက မြို့ကြီးများတွင် လက်ကား ကုန်စည်ဒိုင်များဖြစ်ပေါ်ထွန်းကားစေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပို့ကုန် / သွင်းကုန် လိုင်စင်ထုတ်ပေးမှုစနစ်အား Online စနစ် (Import Export Licensing and Permit System-IELPS) ဖြင့်ထုတ်ပေးခြင်း၊ နယ်စပ်စခန်းများအားလုံးတွင် Border Trade Online System ဖြင့်ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်သည်မှတင်ပို့ ရောင်းချ သည်အထိ (Supply Chain) တလျှောက်ပါဝင်သူများအတွက် ကောမတ်စ်ဂျာနယ်နှင့် Myanmar Tradenet Website တို့တွင်ဈေးကွက်သတင်းအချက်အလက်များအား ဖြန့်ဖြူးပေးခြင်း၊ ယခင် ကန့်သတ်ထားသည့်ကုန်ပစ္စည်းအမယ်များနှင့် အရေအတွက်များကိုဖြေလျှော့ပေးခြင်း၊ ကုန်သွယ်ရေး ဇုန်များ (မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်) များ တည်ဆောက်ခြင်း၊ ဆန်စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့မှု တိုးတက်ရန်အတွက် အထူးပြု ကုမ္ပဏီများ တည်ထောင်မှုကိုအားပေး၍ ဆန်စပါးနှင့် ပဲမျိုးစုံ အရည်အသွေး ပြွမ်းမားစွာဖြင့် တင်ပို့ နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် One Stop Service ဆောင်ရွက် ပေးခြင်း တို့ကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏတွင် ပို့ကုန်တင်ပို့မှုသည် နှစ်စဉ်တိုးတက် လာခဲ့ပါသည်။

၁၀။ နိဂုံးနှင့် အကြံပြုချက်

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရဒေသတွင်း မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိပြီး သဘာဝသယံဇာတနှင့်ကျွမ်းကျင်လုပ်သားများပေါကြွယ်ဝမှုရှိပြီးဖြစ်ပါသည်။ ကမ္ဘာ့ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေ ၂.၃ ဘီလီယံကျော်ရှိနေသည့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် ထိုင်း အိမ်နီးချင်း (၅) နိုင်ငံနှင့် နီးကပ်စွာတည်ရှိနေခြင်းကြောင့် နိုင်ငံ၏ ပြည်ပကုန်သွယ် ရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိနေပါသည်။ မြန်မာ့ပြည်ပ ကုန်သွယ်မှုတိုးတက်ရေး အတွက် အောက်ဖော်ပြပါ အကြံပြုချက်များအား တင်ပြအပ်ပါသည်-

(က) ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်အတွက် ပြည်ပကုန်သွယ်ရေးတွင် အဓိကအရေးပါသည့်ငွေကြေးဆိုင်ရာမူဝါဒနှင့် ဘဏ်လုပ်ငန်းစနစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လိုအပ်ခြင်း၊

(ခ) ပြည်ပကုန်သွယ်မှုတွင် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးရန် လိုအပ်ခြင်း၊ (သင်္ဘောဆိပ်များ၊ လေဆိပ်များ၊ မီးရထားလမ်းများ၊ မော်တော်ကားလမ်းများ စသည့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွင် စွမ်းရည်ပြည့်ဝရန် လိုအပ်ခြင်း)

(ဂ) နိုင်ငံ၏ထုတ်ကုန်များ ပြည်ပဈေးကွက်တွင်စံချိန်စံညွှန်း၊ အရည်အသွေးမှီ တင်ပို့နိုင်ရေးအတွက် ကူညီထောက်ပံ့ရန် လိုအပ်ခြင်း၊

(ဃ) လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရန် ဆွဲဆောင်ခြင်း၊

(င) အာဆီယံအဖွဲ့ဝင်နိုင်ငံအနေဖြင့် တစ်ဖက်သတ် အကောက်ခွန်နှုန်း လျှော့ချခြင်းနှင့် ပင်ရင်းဒေသစည်းမျဉ်းအရ အကျိုးကျေးဇူးဖြစ်စေမည့် ပို့ကုန်အမယ်များတိုးမြှင့် တင်ပို့ရန် လိုအပ်ခြင်း၊

(စ) ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန်လိုအပ်ခြင်း၊

(ဆ) တရားမဝင် ကုန်သွယ်မှုလမ်းကြောင်းများမှ မှောင်ခိုကူးသန်းရောင်းဝယ်မှုများသည် ကုန်သွယ်မှုပမာဏကို လျှော့နည်းစေသည့်အတွက် တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် လိုအပ်ခြင်း၊

(ဇ) မြန်မာနိုင်ငံသည် ဒေသအတွင်း၌ အဓိကအချက်အချာကျသည့်နေရာတွင် တည်ရှိနေသည့်အတွက် တဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) နှင့် တဆင့်ပြန်လည်

တင်ပို့မှု (Re-export) နည်းလမ်းများကို ထိရောက်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသင့်ခြင်း၊

(ဈ) နယ်စပ်ကုန်သွယ်မှုပမာဏ တိုးမြှင့်စေရေးအတွက် ကုန်သွယ်မှုဆိုင်ရာ လျင်မြန် ချောမွေ့စေရန်နှင့် ကုန်စည်ပြပွဲများတွင် ဝင်ရောက်ပြသရန် ကူညီခြင်း၊

၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ရမည့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ အစီအစဉ်အရဒေသတွင်းအာဆီယံနိုင်ငံများမှထုတ်ကုန်ပစ္စည်းများ မြန်မာနိုင်ငံအတွင်းသို့ အကောက် အခွန်ကင်းလွတ်စွာဖြင့် အများအပါဝင်ရောက်လာပါက မြန်မာနိုင်ငံ၏ထွက်ကုန်ပစ္စည်းများ၏ အရည် အသွေးနှင့်ဈေးနှုန်းအပေါ် စိန်ခေါ်မှုများ ရှိလာမည်ဖြစ်ပါ၍ အဆိုပါ ကာလတွင် မြန်မာ့ကုန်သွယ်မှု ချိန်ခွင်လျှာအပေါ် အကျိုးသက်ရောက်မှုများ၊စိန်ခေါ်မှုများ ရှိလာနိုင်မည်ဖြစ်၍ ပို့ကုန်ဦးတည်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရန်လိုအပ်ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ တင်ပို့မှုသည် လယ်ယာထွက်ကုန်ပစ္စည်းများကို အဓိကအားထား တင်ပို့နေရသည်ဖြစ်ပါ၍ လယ်ယာထွက်ကုန်ပစ္စည်းများအား တစ်ဆင့်ပြန်လည်ပြုပြင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းများ အဖြစ်တင်ပို့နိုင်ရန် လိုအပ်ခြင်း၊ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုနှင့် တစ်ဆင့်ပြန်လည်တင်ပို့မှုများ ပီပြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ့ကုန်သွယ်မှုပမာဏ တိုးတက်ကာတိုင်းပြည်စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို မြှင့်တင်ရာရောက်ပါမည်။

ကျမ်းကိုးစာရင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၊ မြန်မာနိုင်ငံပို့ကုန်သွင်းကုန် အခြေအနေတင်ပြချက် (၂၀၀၅ ၊၂၀၀၆ ၊၂၀၀၇ ၊၂၀၀၈ ၊၂၀၀၉ ၊၂၀၁၀၊ ၂၀၁၁)

၂။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှု အခြေအနေ ၂၀၀၉-၂၀၁၀ ခုနှစ် (ဧပြီလမှ မတ်လ)

၃။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၁ ခုနှစ်၊ ဧပြီလအထိ သုံးသပ်ချက်

၄။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ(၂၀၀၉)၊ ဌာနတွင်းပညာပေးစာစဉ်အမှတ်(၂/၂၀၀၉)

၅။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ Statistical Year Book (2009)

၆။ www.aseansec.org